KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၂၀၁၇**

မတ်လ ၈ ရက်နေ့ ၂၀၁၇ ခုနှစ်

---

ယနေ့၊ အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women’s Day) တွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေး အခြေအနေများနှင့်ပတ်သတ်၍ အများပြည်သူ၏ စိတ်ဝင်စားမှုကို ရယူလိုပါသည်။ ကုလသမ္မဂ (UN) မှ ယခုနှစ်၏ ကြွေးကြော်ဆောင်ပုဒ် “Be Bold For Change” “ပြောင်းလဲမှုကိုဖော်ဆောင်ဖို့ အားလုံးရဲရင့်ကြပါစို့” အားဖြင့် ယခုနှစ်၏ theme ဖြစ်သော “*Women in the Changing World of Work: Planet 50-50 by 2030*” “ပြောင်းလဲလာသော အလုပ်ကမ္ဘာအတွင်းရှိအမျိုးသမီးများ: ၂၀၃၀ တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၅၀ - ၅၀ ရာခိုင်နှုန်းပြောင်းလဲရန်” အတွက် အာရုံစိုက် ကြိုးပမ်းအားထုတ်ကြရန် ဖော်ပြထားပါသည်။ ဤ theme သည် အမျိုးသမီးများအတွက် ပြည့်ဝသော အခွင့်အရေးနှင့် ညီမျှခြင်းကို ရရှိရန် ပြောင်းလဲမှုများ လိုအပ်လျက်ရှိသေးပြီး ကျွန်ုပ်တို့အားလုံးသည် ထိုအခွင့်အရေးများအတွက် တိုက်ပွဲဝင်ရန် ရဲရင့်ကြရမည်ဟု မီးမောင်းထိုးဖော်ပြထားပါသည်။ ကရင်လူ့အခွင့်အရေး အဖွဲ့၏ Programme Director နော်ထူးထူးမှ ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ theme နှင့်ပတ်သတ်၍ ပြောကြားသည်မှာ -

> *“မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ အမျိုးသမီးတွေ အထူးသဖြင့် တိုင်းရင်းသားဒေသမှ အမျိုးသမီးတွေဟာ တန်းတူညီမျှတဲ့ အခွင့်အရေးကို မရရှိကြဘူး။ အမျိုးသမီး အခွင့်အရေးနဲ့ စွမ်းရည်မြှင့်တင်ရေးတွေအတွက် အလုပ်လုပ်နေကြတဲ့ အဖွဲ့အစည်းတွေရဲ့ အားထုတ်မှုကလွဲရင် နယ်ဘက်မှာနေတဲ့ အမျိုးသမီးတွေဟာ သူတို့ရဲ့ အခွင့်အရေးတွေကို မသိတဲ့အပြင် အပြည့်အဝလည်း မခံရသေးပါဘူး။ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်တဲ့ အမျိုးသမီးတွေအနေနဲ့ တန်းတူညီမျှတဲ့ အခွင့်အရေး ရဖို့အတွက် အမျိုးသမီးတွေသာမက အမျိုးသားတွေပါ အမျိုးသမီးအခွင့်အရေးကို သိရှိနားလည်ပြီး ပံ့ပိုးကူညီပေးရမှာဖြစ်တယ်။ အမျိုးသားတွေအနေနဲ့ အမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြုပြီး နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ အပြောင်းအလဲတွေမှာ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားတွေသာမက အမျိုးသမီးတွေပါ ပါဝင်နိုင်ဖို့နေရာပေးရမှာပဲဖြစ်တယ်။ တကယ်လို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့သူ တစ်ယောက်စီတိုင်းသာ အပြောင်းအလဲပြုလုပ်ဖို့ ရဲရင့်ကြပြီး အမျိုးသမီးအခွင့်အရေးဆိုတာလည်း လူ့အခွင့်အရေးဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုခဲ့မယ်ဆိုရင် ကျားမ တန်းတူညီရေးကို ရရှိဖို့အတွက် ပိုမို လွယ်ကူလာမှာဖြစ်တယ်”*

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် News Deeply Women & Girls Hub ၌ ကရင်လူ့အခွင့်အရေးအဖွဲ့မှ မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေး တာဝန်ခံ နော်အယ်သောရေးသားထားသော Op-Ed တွင်

> *"အမျိုးသမီးတွေဆီမှာ သူတို့ရဲ့ ကိုယ်ပိုင် အကြံဉာဏ်တွေနဲ့ စဉ်းစားတွေးခေါ်နိုင်တဲ့ အရည်အချင်းတွေရှိပြီး ဒေသက တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့အတွက် ကူညီနိုင်ပါတယ်။ သူတို့တွေမှာ လူမှုအဖွဲ့အစည်းကို ကာကွယ်ပေးဖို့ မြှင့်တင်ပေးဖို့အတွက် ခွန်အားတွေ အစွမ်းတွေရှိတယ်။ အမျိုးသားတွေအနေနဲ့ သူတို့နေရာကို ယူနိုင်မှာမဟုတ်ဘူး။"*

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး သဘောတူညီချက်စာချုပ် (CEDAW) ကို ၁၉၉၇ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ထိုသဘောတူစာချုပ်သည် မြန်မာနိုင်ငံတွင်အတည်ပြုပြီးဖြစ်သည်။ လွန်ခဲ့သောနှစ် ၂၀၁၆ ဖွန်လတွင် စီဒေါ ကော်မတီသို့ မြန်မာနိုင်ငံမှ ပေးပို့သော အစီရင်ခံစာကို ၆၄ ကြိမ်မြောက် ညီလာခံတွင် review လုပ်ပါသည်။ KHRG ၏ အစီရင်ခံစာ အပါအဝင် NGO stakeholder ၏ အစီရင်ခံစာများအရ ကော်မတီနှင့် ကမ္ဘာတဝှမ်းလုံးသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် လူ့အခွင့်အရေးနှင့်ပတ်သတ်၍ ချိုးဖောက်ခံရမှုများနှင့် ပတ်သတ်၍ ဆက်လက်၍ ရုန်းကန်နေကြရပြီး မိမိတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသေးပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင်၊ အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ဒါဏ်ကို ခံစားရကြပြီး သူတို့၏ အခွင့်အရေးကို အပြည့်အဝ ရရှိနိုင်မှုမရှိကြပါ။ ပဋိပက္ခများဖြစ်ပွားနေသောအချိန်တွင်သာမက ယခုလျက်ရှိ အပစ်အခတ်ရပ်စဲရေး ကာလတွင်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသော စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ၊ မကြာခဏဖြစ်ပွားသော တိုက်ပွဲများနှင့် တည်ရှိဆဲဖြစ်သော လက်နက်ကိုင် အဖွဲ့များနှင့် မြေမြှုပ်မိုင်းများကြောင့် အမျိုးသမီးများသည် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ရရှိနိုင်ဖို့ရန်အတွက် အခက်အခဲအတားအဆီးများ ကြုံတွေ့ကြရပါသည်။

ကျေးရွာများနှင့် မူလွန်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ဝေးကွာခြင်းဖြစ်ပြီး အမျိုးသမီးများအနေနှင့် အိမ်တွင်သာနေထိုင်ပြီး အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရမည်၊ ငယ်ရွယ်စဉ်အချိန်မှာ အိမ်ထောင်ပြုပြီး ကလေးယူကာ ကလေးများအား ပြုစုရမည် ဆိုသော ယဉ်ကျေးမှု ဓလေ့ထုံးစံများ အပြင် (များသောအားဖြင့် ယောက်ျားလေးများသည် ၎င်းတို့၏ အစ်မ ညီမ များထက် ပညာရေးတွင် ဦးစားပေးခံကြရသည့်အလျောက်) ကလေးတစ်ဦးအား အထက်တန်းကျောင်းများနှင့် တက္ကသိုလ်သို့ ပို့ဆောင်ရမည့် စရိတ်စခကြီးမြင့်မှုများသည်လည်း အရေးကြီးသော အဟန့်အတားများဖြစ်သည်။



*ဤအသက် ၄၇ နှစ်အရွယ် အမျိုးသမီးသည် သူမ၏ရွာအနီးတွင် မြေမြှုပ်မိုင်းကြောင့်ဒဏ်ရာရရှိခဲ့ပါသည်။ သူမ၏ ဘယ်ခြေထောက်သည် ဆိုးရွားစွာထိခိုက်ခဲ့ပြီး ဘယ်ခြေဖဝါးသည်လည်းဘဲထိခိုက်ခဲ့ကာ နောက်ပိုင်းတွင် ဖြတ်လိုက်ရပါသည်။ ဖေဖော်ဝါရီ ၂၀၁၂။*

*[ဓာတ်ပုံ - KHRG]*



*ဤမိန်းကလေးများသည် တောင်ငူခရိုင်တွင် စာသင်ယူနေကြပါသည်။ ရွာသားများဖော်ပြသည်မှာ ကလေးများသည် မြန်မာ အက္ခရာများကို ရေးတတ်ဖတ်တတ်ရန် ကြိုးစားသင်ယူနေကြပါသည်။ သို့သော် သင်ကြားမှုအားနည်းသောကြောင့် သူတို့သည် သင်ယူတတ်မြောက်မှုမရှိကြပါ။*

*[ဓာတ်ပုံ - KHRG]*

ပညာရေး နိမ့်ပါးမှုသည် မိမိကိုယ်ကို ယုံကြည်စိတ်ချမှု ပျောက်ဆုံးစေပြီး ကရင်အမျိုးသမီးများနေနှင့် မိမိတို့၏ ဒေသတွင်းတွင် ပါဝင်ရန်အတွက် အခွင့်အလမ်း မရှိသောကြောင့် အမျိုးသားအဆင့်တွင်လည်း ပါဝင် ပြောဆိုနိုင်မှု မရှိပေ။ ၂၀၁၃ ခုနှစ်တွင် ကျေးရွာ ခေါင်းဆောင်အဖြစ် ရွေးချယ်မှု ခံရသော ကရင် ဒေသအတွင်း နေထိုင်သူ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှ ၎င်းအနေနှင့် ပညာမတတ်သောကြောင့် ထိုနေရာကို လက်ခံနိုင်စွမ်းမရှိကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ ဒေသတွင်း အဖွဲ့ဝင်ထံ တင်ပြခဲ့သည်။

> *"သူတို့ကို ကျွန်မပြောတယ်။ 'ကျွန်မ မလုပ်နိုင်ဘူး။ ကျွန်မ စာမဖတ်တတ်ဘူး။ ကျွန်မ တစ်ခါမှ ကျောင်းမသွားဖူးဘူး။' ဒါပေမယ့် သူတို့က ပြောတယ် 'လစာသွားယူပါ' ကျွန်မပြန်ပြောတယ်။ ကျွန်မ ဒီအုပ်စုမှူး နေရာကနေ ထွက်ချင်ပြီး ကျွန်မဒါကို မလုပ်နိုင်ဘူး။ ဒါပေမယ့် ကျွန်မလုပ်ရတယ်။"*
>
> နော် မ--- (မ၊ ၃၅ နှစ်) လ--- ကျေးရွာ၊ ရ--- ကျေးရွာအုပ်စု၊ ဘုသို မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့တောင်ပိုင်း၊ (၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

ထို့အပြင် လိင်ပိုင်းဆိုင်ရာ အဓမ္မပြုခြင်း ခံရသူများအတွက် အထူးသဖြင့် သက်ငယ် အဓမ္မပြုကျင့်ခံရသူများနှင့် စိတ်ဝေဒနာ ရှိသူများအတွက် တရားမျှတမှု ရရှိရေးသည် မြန်မာနိုင်ငံတွင် အဓိက ကိစ္စရပ်တစ်ခုဖြစ်သည်။ အလွန် အရေးကြီးသော အခက်အခဲတစ်ခုမှာ ကျူးလွန်သူအနေနှင့် လက်နက်ကိုင်ကဲ့သို့သော အာဏာရှိသူများ ဖြစ်နေသည့်အခါ ဖြေရှင်းရန်အတွက် ခက်ခဲနေခြင်းပင် ဖြစ်သည်။

> *"ကျွန်မတို့ဆီမှာ စိတ်ဝေဒနာရှင် လိင်ပိုင်းဆိုင်ရာ စော်ကားခံပြီး ကိုယ်ဝန်ဆောင်နေရတဲ့သူအချို့ရှိတယ်။ လူတွေဟာ စိတ်ဝေဒနာရှင်ဖြစ်တဲ့ အကျူးလွန်ခံရတဲ့ အမျိုးသမီးတွေကို အပြစ်တင်တတ်ကြတယ်။*

*များသောအားဖြင့် လူတွေဟာ အမျိုးသမီးတွေကို အရင် အပြစ်တင်တယ်။ တစ်ချို့ကလည်း အမျိုးသားတွေကို အရင်အပြစ်တင်တယ်။ ဒီလို ဘာဖြစ်နေမှန်း မသိတဲ့သူတွေကို သူတို့ ဘာကြောင့် အပြစ်တင်နိုင်ကြတာလဲ။"*

နော်တ---၊ ကရင်အမျိုးသမီး အစည်းအရုံးမှ ကိုယ်စားလှယ်တစ်ဦး (၂၀၁၆ ခုနှစ် မတ်လတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

ကရင်လူ့အခွင့်အရေးအဖွဲ့အနေနှင့် ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ ကျင်းပနေချိန်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေခဲ့သော "မျက်ကွယ်ပြုခံရသည့် အခွင့်အရေးနှင့် ရုန်းကန်မှုများ" အစီရင်ခံစာမှ ယခုနှစ်၏ ဆောင်ပုဒ် နှင့် လျော်ညီသည့် အရေးကြီးသော အကြံပြုချက်များကို ပြန်လည် တင်ပြလိုသည်။

**မြန်မာနိုင်ငံတော်အစိုးရ (အုပ်ချုပ်ရေးနှင့်ဥပဒေပြုအဖွဲ့ များ) နှင့် ကရင်အမျိုးသားအစည်းအရုံးတို့မှ လုပ်ဆောင်သင့်သည့်အရာများ**

- ဒေသခံအာဏာပိုင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များနှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိ သူများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်သော အမှုအခင်းများကို ကိုင်တွယ်ရာတွင် တရားဥပဒေနှင့်အညီ ဆီလျော်သင့်မြတ်စွာ ကိုင်တွယ်ဖြေရှင်းခြင်း ရှိစေရန်လုပ်ဆောင်ရမည်။ အမျိုးသမီးများကို ထိခိုက်နစ်နာစေမည့် လုပ်ဆောင်ချက်များနှင့် လူမှုရေး ထုံးတမ်းစဉ်လာအပြုအမူများ ပြောင်းလဲပစ်နိုင်ရန် အထက်ပါတာဝန်ရှိသူများအားလုံး သိရှိနားလည်လာစေရန် လုပ်ဆောင်ရပါမည်။ ထို ့အပြင် ဥပဒေပြုယန္တရားတစ်ခုလုံး မှန်ကန်တိုးတက်လာစေရန် ပြုလုပ်ခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုဆန့်ကျင်ရေး ဥပဒေကို ရေးဆွဲပြဌာန်းပေးခြင်းအားဖြင့် အမျိုးသမီးများအနေနှင့် ၎င်းတို့ခံစားရသော လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများနှင့် အခြားသောမြေယာ သိမ်းဆည်းမှုများကို ဒေသခံအာဏာပိုင်များထံ အန္တရာယ်ကင်းစွာ တိုင်ကြားတင်ပြနိုင်ကြမည် ဖြစ်သည်။ ထိုမှတဆင့် ဒေသခံအာဏာပိုင်များမှ ပြစ်မှုကျူးလွန်သူများကို လွတ်လပ်၍ ဘက်လိုက်မှုကင်းသော အရပ်ဘက် တရားရုံးများသို့ တင်ပြ တရားစွဲဆိုနိုင်မည်ဖြစ် မည်။
- ရပ်ကွက်ကျေးရွာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များတွင် နိုင်ငံ ကိုယ်စား ပြု အဆင့်များတွင်ရှိသော ခေါင်းဆောင်ပိုင်းရာထူးများတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံမှ အမျိုးသမီးများ၊ ရွှေ့ပြောင်းနေထိုင်ရာမှ ပြန်လည် ရောက်ရှိလာသူ အမျိုးသမီးများအပါအဝင် အမျိုးသမီး အားလုံး ညီတူညီမျှပါဝင်နိုင်ရေး အတွက် လုပ်ဆောင်သင့်ပါသည်။
- ဒေသခံပြည်သူများနှင့် တိုင်ပင်ပြီး ကျေးလက်ဒေသများ၌ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို ပိုမိုဖွင့်လှစ်ပေးခြင်းအားဖြင့် အမျိုးသမီးငယ်များ လုံခြုံစိတ်ချစွာ အိုးအိမ်မကွာဘဲ အလယ်တန်းနှင့် အထက်တန်းကျောင်း ပညာများကို ဆည်းပူးသင်ယူနိုင်မည် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမျိုးသမီးများသည် လိင်သဘောသဘာဝအရ ထိခိုက်လွယ်မှုစသည်တို့နှင့် သက်ဆိုင်သော အမြင်ဖွင့် သင်ခန်းစာများကို ထည့်သွင်းသင်ကြား စေသင့်သည်။

- ကျေးလက်ဒေသနေ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ကျန်းမာရေး စောင့်ရှောက်မှုများ၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိလက်လှမ်းမီနိုင်ကြရန် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာနမှ လုပ်ဆောင်ပေးရမည်။

**မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လုပ်ငန်းလုပ်ဆောင်နေသော ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့များမှ လုပ်ဆောင်သင့်သည့်အရာများ**

- အမျိုးသမီးများပါဝင်လုပ်ဆောင်ခြင်း၊ အပြန်အလှန် နှီးနှောပြောဆိုခြင်းများနှင့် မိမိတို့ဒေသများအတွက် ဆုံးဖြတ်ချက်များချခြင်းလုပ်ငန်းစဉ်များ အားလုံးတွင် ပါဝင်နိုင်ကြရန် တိုက်တွန်းခြင်းများ လုပ်ဆောင်ရာတွင် ကူညီထောက်ပံ့မှုများပေးသင့်ပါသည်။ ဥပမာအနေဖြင့် အမျိုးသမီးများကို သင်တန်းများပေးခြင်းနှင့် ပညာရေးဆိုင်ရာအထောက်အပံ့များ ပေးခြင်းဖြင့် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးရမည်။

**မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ထောက်ခံအားပေးသော နိုင်ငံတကာ အသိုက်အဝန်းများမှ လုပ်ဆောင်သင့်သည့်အရာများ**

- အုပ်ချုပ်ရေးလုပ်ငန်း အဆင့်ဆင့်များတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း ကောင်း၊ အပြန်အလှန်နှီးနှောတိုင်ပင်ခြင်းများတွင် တိုင်းရင်းသားပေါင်းစုံမှ အမျိုးသမီးများ တန်းတူညီစွာ ပါဝင်ခွင့်လိုအပ်သော လုပ်ငန်းများကို ထောက်ပံ့ကူညီခြင်းနှင့် ရန်ပုံငွေများပေးအပ်ခြင်းလုပ်ရပါမည်။